## A Brief History of the Good Shepherd Sisters in Myanmar

At the request of the Bishop Paul Ambrose Bigadet, the Good Shepherd Sisters first set foot on Myanmar in 1866 to take over the education ministry in the campus of St. John the Baptist's Catholic Church, at Bo Sun Pet Street, Yangon.




As the years went by, the Sisters expanded the mission around Yangon responding to the needs of the time. There was a continuous flow of missionaries from the Mother House, France to promote the Good Shepherd Mission in Myanmar. Some of the outstanding ministries at the time are:

- St. John's High School which has become No. 2, Basic Education High School, Latha
- St. Philomena's girls' High School. At present day No. 2 Basic Education High School Sanchaung
- St. Vincent's School which has become the venue of Catholic Bishops' Conference of Myanmar

In 1912, Sr. Alphonsus Ligouri Bourke with two more missionaries from Myanmar were sent to establish a new foundation in the Philippines.

In 1917, the German Club adjacent to No.2 State High School Latha was purchased by the Good Shepherd Sisters and became St. John's Convent community.

The Japanese invasion in 1941 was a time of chaos for the Sisters. They closed the schools and escape from the Japanese to the towns of Kalaw and Myitkyina. In 1945 when the Japanese were defeated by British and Myanmar allies, the sisters re-entered their Convents and opened the schools.

The Sisters extended their ministries to Mogok during this time and to Thayetmyo in 1962.

In 1952, Singapore, Jakarta and the two Yangon houses formed the new Province of Rangoon (Yangon) with Sr. M. Kevin McDonell as the first Provincial. St. John's Convent became the Provincial House until 1961 when it was moved to Singapore.

In 1965, the schools were nationalized and the missionaries left the country in 1966. Ten local Sisters were brought out of the country for international apostolic experience and formation. In 1973, the sisters returned to Yangon to restore the Congregation.

Upon arrival, the Sisters stayed at St. Vincent's (presently CBCM) and began to respond to the needs of Yangon Archdiocese.

In 1976, a community was founded in Magyikwin Village to organize village development programs and to do pastoral work.

On the 1st of April 1978, the community moved from St. Vincent's to present day Yangon Community. This house has become the central house for all Myanmar Good Shepherd Sisters since. Formation houses of the Good Shepherd Sisters are also located on this campus.

In 1983, the sisters were invited to open a Good Shepherd house in Mandalay to organize ministries proper to the Congregation.

In 1990, another foundation was created in Loikaw, Kayah State to engage in holistic formation of local girls.

In 1997, Sisters were invited to Hopin, Kachin State, to assist women and girls at risk of prostitution who were working in neighboring Jade Mines. The sisters regularly visit the families, and support them with their social problems. The holistic formation is provided regularly to the local women/catechists and youth groups.

In 1999, a new community was set up in Yangonywa village, Tachileik to develop Income Generation Projects for women and girls to prevent them from crossing the border to engage in sex trade in Thailand. Sisters also set up programs for people who are affected with HIV/AIDS and drug addiction. A boarding house and a daycare center were established for the children.

In 2004, Sisters purchased a plot of land in Pyi-Oo-Lwin Myo Thit to create a Space of spiritual renewal and healing.

In 2004, a boarding house was established in Mandalay Myothit for the education of young girls from remote areas. In 2007, Sisters from Hopin community started to take charge of Parish boarding house in Mohnyin. In 2014, Sr. Regina Htoo Htoo became the first Myanmar Provincial of Good Shepherd East Asia Province which comprises four countries: Myanmar, Thailand, Cambodia and Vietnam. Both Pyin-Oo-Lwin and Mohnyin communities were formed canonically in 2015. . On 16th January 2016, the Good Shepherd family in Myanmar joyfully celebrated 150th year of Good Shepherd Presence in Myanmar at St. Mary's Cathedral, Yangon.

At present, there are 52 Good Shepherd Sisters working in 9 locations- Yangon, Magyikwin Village (Thayawaddy), Mandalay, Loikaw, Hopin, Yangon Ywa (Tachileik), Mandalay, Myothit, Mohnyin, Pyin Oo Lwin and Phekung. With the specific attention towards women and girls, we engage in ministries that promote human dignity and empowerment. United with lay partners, we continue to participate in the Church's mission by responding courageously to the signs of the times.

## မြန်မာနိုင်ငံရှိကောင်းသောသိုးထိန်းသီလရှင်များ၏ သမိုင်းအကျဉ်းချုပ်

ဆရာတော် Paul Ambrose Bigandet ၏ဖိတ်ကြားချက်အရ ကောင်းသောသိုးထိန်း သီလရှင်အသင်း တည်ထောင်သူ Sr. မေရီယူဖရေးစီးယား ကိုယ်တိုင် သာသနာပြုသီလရှင် (၅)ပါးကို ပြင်သစ်ပြည်ရှိ မိခင်ကျောင်းမှ မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ သီလရှင်များသည် ၁၈၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ရောက်ရှိလာပြီး ရန်ကုန်မြို့၊ ဗိုလ်ဆွန်ပက်လမ်း၌ တည်ရှိသော စိန့်ဂျွန်းကက်သလစ် ဘုရားကျောင်းဝန်းရှိ ပညာရေးကဏ္ဍတွင် စတင်တာဝန်ယူလုပ်ဆောင်ခဲ့ကြသည်။

အချိန်ကာလ ရွှေ့လျားလာသည်နှင့်အမျှ သီလရှင်များသည် ရန်ကုန်မြို့တွင်း၌ တမန်တော် လုပ်ငန်းများကို အခြေအနေအချိန်အခါ၏ တောင်းဆိုမှုအရ ပိုမိုချဲ့ထွင်ခဲ့ကြသည်။ ထိုကြောင့် ြ

ပြင်သစ်ပြည်ရှိ ကောင်းသောသိုးထိန်းမိခင်ဌာနချုပ်မှ ကောင်းသောသိုးထိန်းသာသနာပြုများ မြန်မာနိုင်ငံသို့ အဆက်မပြတ် ရောက်ရှိလာခဲ့ကြသည်။

ထိုစဉ်အချိန်က နာမည်ကျော်ကြားခဲ့သော ရန်ကုန်ရှိ
 ကောင်းသောသိုးထိန်းစာသင်ကျောင်းများမှာ စိန့်ဂျွန်းအထက်တန်းကျောင်း (ယ
(ယခု လသာ(၂) အထက်တန်းကျောင်း)၊ စိန့်ဖီလိုမီနာအထက်တန်းကျောင်း (ယခု အ.ထ.က (၂) စမ်းချောင်း)၊ စိန့်ဗင့်ဆင်စာသင်ကျောင်း (ယခု ကက်သလစ်ဆရာတော်ကြီးများ ကျောင်းတိုက်) တို့ဖြစ်ကြသည်။

၁၉၁၂ ခုနှစ်တွင် Sr. Alphonsus Ligouri Bourke နှင့် မြန်မာပြည်မှ သာသနာပြု သီလရှင်နှစ်ဦးတို့သည် ကောင်းသောသိုးထိန်းအသင်းကို ဖိလစ်ပိုင်နိုင်ငံ Batangas တွင် စတင်ဖွင့်လှစ် ခဲ့သည်။

၁၉၁၇ ခုနှစ်တွင် ယခုလက်ရှိ အ.ထ.က (၂) လသာနှင့် ကပ်လျက်ရှိသော ဂျာမန်အသင်းပိုင် အိမ်ကို ဝယ်ယူပြီး စိန့်ဂျွန်း ကောင်းသောသိုးထိန်း သီလရှင်ကျောင်းကို ဖွင့်လှစ်ခဲ့သည်။

၁၉၄၁ခုနှစ် ဂျပန်ခေတ်ကာလသည် သီလရှင်များအတွက် အလွန်ခက်ခဲသော အချိန်ကာလဖြစ်ပြီး
 ကျောင်းများအားလုံးပိတ်ကာ ကလောမြို့နှင့် မြစ်ကြီးနားမြို့ များ၌ ခေတ္တတိမ်းရှောင် နေခဲ့ရသည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်များ မြန်မာပြည်မှ ထွက်ခွာသွားသောအခါမှ ကျောင်းများကိုပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီး မိုကုတ်မြို့၌ ကျောင်းသစ်တစ်ကျောင်းကို လည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် စင်္ကာပူ၊ဂျာကာတာနှင့် ရန်ကုန်ရှိကျောင်းများပူပေါင်းကာ Province of Rangoon အဖြစ်ဖွဲ့စည်းပြီး Sr. Kevin McDonell က ပထမဆုံးအကြီးအကဲဖြစ်လာပြီး ၁၉၆၁ ခုနှစ်ထိ ရန်ကုန်စိန့်ဂျွန်းကောင်းသောသိုးထိန်းသီလရှင်ကျောင်းတွင် ရုံးစိုက်ခဲ့ရာ နောက်ပိုင်းတွင် အစစအရာရာ ပိုမိုအဆင်ပြေသော စင်္ကာပူနိုင်ငံသို့ ပြောင်းရွှေ့ ရုံးစိုက်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဆရာတော်၏ တောင်းဆိုချက်အရ ပြည်သာသနာ သရက်မြို့၌ ကောင်းသောသိုးထိန်း တမန်တော်လုပ်ငန်းများကို တိုးချဲ့ လုပ်ဆောင်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် သာသနာပြုကျောင်းများကို ပြည်သူပိုင်သိမ်းခံ ရပြီးနောက် နိုင်ငံခြား သာသနာပြု သီလရှင်များ မြန်မာပြည်မှ ထွက်ခွာသွားရပြီး ဒေသခံသီလရှင် (၁၀) ပါးသာ ကျန်ရစ်ကြသည်။ ၁၉၆၇ ခုနှစ်တွင် ဒေသခံသီလရှင်များသည် နိုင်ငံတကာဆိုင်ရာ တမန်တော်လုပ်ငန်း အတွေ့အကြုံနှင့် သင်တန်းများ တက်ရောက်ရန် မြန်မာပြည်မှထွက်ခွာသွား ခဲ့ကြသည်။

၁၉၇၃ ခုနှစ်တွင် သီလရှင်များသည် ကောင်းသောသိုးထိန်းတမန်တော်လုပ်ငန်းများကို ပြန်လည် လုပ်ဆောင်ရန် မြန်မာပြည်သို့ ပြန်လာခဲ့ကြပြီး သီလရှင်များသည် ယခင်စိန့်ဗင်ဆင့်စာသင်ကျောင်း

(ယခုဆရာတော်ကြီးများကျောင်းတိုက်) တွင် နေထိုင်ခဲ့ပြီး ရန်ကုန်သာသနာ၌ တမန်တော်လုပ်ငန်းများကို ကျရာ ကဏ္ဍမှ ထမ်းဆောင်ခဲ့ကြသည်။

၁၉၇၆ ခုနှစ်တွင် သုံးဆယ်သာသနာရှိ မကျီးကွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာ သာသနာလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသစ် ဖွင့်လှစ်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ယခ
ယခင်နေထိုင်ရာ စိန့်ဗင်ဆင့်ကျောင်းမှ ယခုလက်ရှိရန်ကုန် သီလရှင်ကျောင်းရှိရာ အမှတ် (၁၁၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လသာမြို့နယ်သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုကျောင်းသည် ယ‌ေ
ယနေ့တိုင် မြန်မာပြည်ကောင်းသောသိုးထိန်းသီလရှင်များ၏ ဗဟိုဌာနနှင့် သီလရှင် ပြ
ဖြစ်သင်တန်းကျောင်းများ တည်ရှိရာနေရာဖြစ်လာသည်။

၁၉၈၃ ခုနှစ်တွင် ဆရာတော်ကြီး၏ ဖိတ်ကြားချက်အရ ကောင်းသောသိုးထိန်း တမန်တော်လုပ်ငန်းများ လုပ်ဆောင်ရန် မန္တလေးမြို့၌ ကျောင်းသစ် တစ်ကျောင်းဖွင့် ခဲ့သည်။

တဖန် ၁၉၉၀ ခုနှစ်တွင် ဒေသခံတိုင်းရင်းသူများ အဖက်ဖက်မှ တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ လု
လုပ်ငန်းများလုပ်ဆောင်ရန် ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ သီလရှင်ကျောင်း တည်ထောင်ခဲ့သည်။

ထို့အပြင် ၁၉၉၇ ခုနှစ်တွင် ကျောက်စိမ်းတူးဖော်ရာနေရာတွင် အလုပ်လုပ်ကိုင်နေသော အမ
အမျိုးသမီးများကို ကူညီစောင့်ရှောက်ရန် ကချင်ပြည်နယ်ရှိ ဟိုပင်မြို့တွင် သီ
သီလရှင်ကျောင်း ဖွင့်လှစ်ခဲ့သည်။ သီလရှင်များသည် မိသားစုများသို့ ပုံမှန် လည်ပတ်ခြင်းနှင့် ၎င
၎င်းတို့၏ ဘဝပြဿနာများကို ကူညီ ဖြေရှင်းပေးခြင်း၊ အမျိုးသမီးများ၊ လူငယ်များနှင့် ဓမ္မဆရာ/မများနှင့် လက်တွဲ လုပ်ဆောင်ကြသည်။

၁၉၉၉ ခုနှစ်တွင် ထိုင်း-မြန်မာနယ်စပ်ရှိ ရန်ကုန်ရွာတွင် သီလရှင်ကျောင်းအသစ်ကို ဖွင့်လှစ်ခဲ့ပြီး အမျိုးသမီးများ တဖက်ကမ်းထိုင်းနိုင်ငံ၌ ပြည့်တန်ဆာလုပ်သားအဖြစ် သွားရောက် လုပ်ကိုင်ခြင်းမှ ကာကွယ်သည့်အနေဖြင့် မိသားစု ဝင်ငွေရအသေးစားစီးပွားရေး လုပ်ငန်းများကို တည်ထောင်ပေးခဲ့သည်။ ထို့အပြင် HIV/AID ရောဂါခံစားနေရသော လူနာများနှင့် မူးယစ်ဆေးဝါးစွဲနေသူများအတွက် အသိပညာပေးသင်တန်းများနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ဘော်ဒါကျောင်းဆောင်များနှင့် နေ့ကလေးထိန်းကျောင်းများကို ဖွင့်လှစ်ပေးခြင်းများ အားဖြင့် ဒေသခံများကို ကူညီပံ့ပိုးပေးသည်။

၂၀၀၄ ခုနှစ်တွင် ဝိညာဉ်ရေးဆိုင်ရာ ပြန်လည်ဆန်းသစ်ခြင်းအစီအစဉ်များ အတွက်ရည်ရွယ်ကာ ပြင်ဦးလွင်မြို့သစ်၌ မြေနေရာဝယ်ယူပြီး ကျောင်းဖွင့်လှစ်ခဲ့သည်။ ထိုနှစ်မှာပင် နယ်မှအမျိုးသမီးငယ်များ၏ ပညာရေးအတွက် ရည်ရွယ်ကာ မန္တလေးမြို့သစ်၌ ဘော်ဒါကျောင်းဖွင့်လှစ်ခဲ့သည်။

၂၀၀၇ ခုနှစ်တွင် ဟိုပင်ကျောင်းမှ သီလရှင်များသည် မိုးညှင်းမြို့ရှိ ဘော်ဒါကျောင်းတွင် ကြီးကြပ်ရန် သာသနာမှ တာဝန်ပေးခြင်းခံရသည်။

၂၀၁၄ ခုနှစ်တွင် Sr. Regina Htoo Htoo သည် အရှေ့အာရှနယ်ပယ်တွင် မြန်မာနိုင်ငံမှ ပထမဦးဆုံး နယ်ပယ်ဆိုင်ရာ အကြီးအကဲအဖြစ် ရွေးကောက်ခြင်းခံရပြီး မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား နှင့် ဗီယက်နမ်နိုင်ငံရှိ ကောင်းသောသိုးထိန်းသီလရှင်များ၏ တာဝန်ခံဖြစ်လာခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ပြင်ဦးလွင်မြို့သစ်ကျောင်းနှင့် မိုးညှင်းကျောင်းများကို တရားဝင် သီလရှင်ကျောင်းများ အဖြစ်ဖွင့်လှစ်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၁၆) ရက်နေ့တွင် ကောင်းသောသိုးထိန်းသီလရှင်များ မြန်မာနိုင်ငံတွင် တည်ရှိခြင်း နှစ် (၁၅၀) ဂျူဗလီပွဲကြီးကို ရန်ကုန်မြို့ရှိ စိန့်မေရီ ဘုရားကျောင်းတော်ကြီး၌ ကောင်းသောသိုးထိန်းမိသားစုမှ ပျော်ရွှင်စွာ၊ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ကြပါသည်။

ယခုအခါ ကောင်းသောသိုးထိန်းသီလရှင် (၅၂) ပါးသည် သာသနာ (၆)ခုရှိ ကောင်းသောသိုးထိန်း သီလရှင်ကျောင်း (၉) ကျောင်းတွင် ခေတ်ကာလ၏ အခြေအနေကို သုံးသပ်လျက် လူဝတ်ကြောင်အဖွဲ့အစည်းများ ပူးပေါင်း၍ အသင်းတော်၏ တမန်တော်လုပ်ငန်းများတွင် ခွန်အားသတ္တိဖြင့် ဆက်လက်၍ တတတ်တအား ပါဝင်ကူညီလျက်ရှိသည်။ အကူအညီမဲ့နေသောသူများဘဝ တိုးတက်ခြင်း၌ ပိုမိုထိရောက်စွာ ကူညီနိုင်ရန်အတွက် သီလရှင်များသည် ဘာသာပေါင်းစုံမှ လူမှုရေးအဖွဲ့အစည်းများ နှင့် အတူတကွ ပူးပေါင်း လုပ်ဆောင်လျက်ရှိပါသည်။